ဒီဇင်ဘာလ(၂၃)ရက်၊ တနင်္လာနေ့။

## "ဘုရားသခင်ကျွန်ုပ်နှင့်အတူရှိ၏"

ဖတ်ရန် - မ ၁း၁၈-၂၅၊

*ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဘွားမြင်လတ့ံ။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရ ကြလတ့ံ ... ဧမာနွေလအနက်ကား ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။ (မ ၁း၂၃)*

သမ္မာကျမ်းစာ တစ်နှစ်တာ။*(နာဟုံ ၁-၃) (ဗျာ ၁၄)*။

ရိုမေးနီးယားနိုင်ငံ၊ ဘူချာရက်(စ) မြို့၏ ကျမ်းစာကျောင်း ဝတ်ပြုဆောင်၌ ကျောင်းသားများ၏အမည်ကို ခေါ်နေစဉ် သူ့ကိုသတိမပြုဘဲမနေနိုင်။ ခန်းမထဲ၌ သူက ပေါ်လွင်လွန်းလှသည်။ အခြားသူအားလုံးက ဝတ်စုံပြည့်ကျကျနန ဝတ်စားထားသည်။ သူကတော့ ဂျင်းဘောင်းဘီ၊တီရှပ်နှင့်ဘေ့စ်ဘောဦးထုပ်ကိုဆောင်းထားသည်။ ကျောင်းစည်းကမ်းကို သူဘာ့ကြောင့်  မလိုက်နာသနည်း။ ကျွန်ုပ်မသိပါ။ သို့သော်လည်း သူ့အမည်ကိုဖြင့် အသေအချာမှတ်မိခဲ့သည်။

သင်တန်းပြီးဆုံးချိန်တွင် သူကကျွန်တော့်ထံလာပြီး သူ့ကိုယ်သူမိတ်ဆက်သည်။ သူ့နာမည်ကို မေးသော် သူက "ဧမဲန်ျူယယ်" ဟု ဖြေသည်။ သူ့အဖြေကြောင့် ကျွန်တော် အံ့အားသင့်သွားပြီး သူ့နာမည်၏အဓိပ္ပာယ်ကို သိလားဟုမေးရာ၊ သူက မရုက်မရွံ့နှင့် "ဟုတ်ကဲ့၊ သိပါတယ်၊ ဘုရားသခင် ကျွန်ုပ်တို့နှင့်အတူရှိ၏ ဟု ဆိုလိုပါတယ်" ဟုဖြေခဲ့သည်။ ထိုလူငယ်နှင့်လူပရိသတ်အလယ်၌ သူထင်ပေါ်နေသည့်အကြောင်းကို ကျွန်တော် မကြာခဏ တွေးမိသည်။ "ဧမာနွေလ ...ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်" (မ ၁း၂၃)။ ကမ္ဘာမြေသို့ဘုရားသခင်အတူရှိခြင်းကို ဆောင်ကြဉ်းပေးရန် သခင်ကြွလာသကဲ့သို့၊ လောကကြီးထဲသို့ကိုယ်တော်၏မျက်မှောက်တော်ကို ဆောင်ကြဉ်းပေးရန် ကျွန်ုပ်တို့ကို ရွေးခေါ်စေစားမူ၏။ "ခမည်းတော်သည် ငါ့ကိုစေလွှတ်တော် မူသည်နည်းတူ သင်တို့ကို ငါစေလွှတ်သည်" ဟု သခင်ယေရှုမြွက်ကြားခဲ့စဉ်က ဤအချက်ကို ရှင်းရှင်းလင်းလင်း သိစေပါသည် (ယော ၂၀း၂၁)။

ဤခရစ်စမတ်အချိန်တွင် ဘုရားသခင်နှင့် သဏ္ဍာန်တူခြင်းလက်ဆောင်ကို ကျွန်ုပ်တို့မှ တစ်ဆင့် ပေးကမ်းနိုင်ပါသည်။ မိမိအတွင်း ကိန်းဝပ်သော ဘုရားသခင်ကို အသက်တာတွင် ထင်ဟပ်ပြသပါက ကျွန်ုပ်တို့သည် လောကသားများနှင့်မတူ ကွဲပြားခြားနားပြီး ထိုသို့ခြားနားခြင်းကြောင့် ဘုရားသခင်၏ ပြောင်းလဲစေနိုင်စွမ်းသော မေတ္တာတော်နှင့် ကျေးဇူးတော်အားဖြင့် အခြားသူများအပေါ် ကောင်းချီးဖြစ်စေပါသည်။ — Joe Stowell

*ဝိညာဉ်တော်သည် ဆာတော်စိတ်ကို ဖြည့်ပေး၏။ တန်ခိုးတော်သည် အသက်တာကို ထိန်းချုပ်ပေး၏။ သခင်ယေရှုနှင့် သဏ္ဍာန်တူရန်မှာ ကျွန်ုပ်၏လေးနက်သော ဆုတောင်းနှင့် အမြင့်ဆုံးသော ပန်းတိုင်ပင်။ — Chisholm*

**ဘုရားသခင်အတူရှိကြောင်း သင့်အားဖြင့်ထင်ရှားလျှင် ၎င်းသည် လောကကြီးကို သင်ပေးသော လက်ဆောင်ပင်ဖြစ်၏။**